# နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ
## (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၈/၈၉)

၁၃၅၁ ခုနှစ်၊ ဝါခေါင်လဆန်း ၁၁ ရက်

(၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၃ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၃ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အခြေခံပညာရေးဥပဒေတွင် -

(က) နိဒါန်း၊ပုဒ်မ ၃ ပုဒ်မခွဲ(ခ)၊ပုဒ်မ ၅ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၃)၊ ပုဒ်မ ၇ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၃) နှင့် ပုဒ်မ ၇ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၃)တိုကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၇ ပုဒ်မခွဲ(ဂ)ကို အောက်ပါပုဒ်မခွဲဖြင့် အစားထိုးရမည်-

(ဂ) နိုင်ငံအကျိုးကို ရှေးရှုလျက် အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးရန်အတွက် အခြေခံများချမှတ်ပေးရန်၊

(ဂ) ပုဒ်မ ၅ ပုဒ်မခွဲ(ခ) ပုဒ်မခွဲငယ်(၇)၊ (၁၀)၊ (၁၂)နှင့် (၁၃) တို့ကို အောက်ပါ ပုဒ်မခွဲငယ်များဖြင့်အစားထိုးရမည်-

(၇) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
စက်မှု၊ စိုက်ပျိုးနှင့်သက်မွေးပညာဦးစီးဌာန

(၁၀) ဥက္ကဋ္ဌ၊ အဖွဲ့ဝင်
ပြည်ထောင်စုမြန်မာနိုင်ငံ
ပညာရေးသုတေသနအဖွဲ့

(၁၂) ညွှန်ကြားရေးမှူး(စီမံ၊ဘဏ္ဍာ) အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန

(၁၃) ဒုတိယညွှန်ကြားရေးမှူး(စီမံ) တွဲဖက်အတွင်းရေးမှူး
အခြေခံပညာဦးစီးဌာန

(ဃ) ပုဒ်မ ၇ ပုဒ်မခွဲ(က) ပုဒ်မငယ်(၅)၊(၆)နှင့်(၉)တို့ကို အောက်ပါပုဒ်မခွဲငယ်များဖြင့် အစားထိုးရမည်-

(၅) ဥက္ကဋ္ဌ၊ အဖွဲ့ဝင်
ပြည်ထောင်စုမြန်မာနိုင်ငံ
ပညာရေးသုတေသနအဖွဲ့

(၆) စာတည်းမှူးချုပ်၊ အဖွဲ့ဝင်
မြန်မာစာအဖွဲ့ ဦးစီးဌာန

(၉) ညွှန်ကြားရေးမှူး(စီမံ၊ဘဏ္ဍာ) အဖွဲ့ဝင်
အခြေခံပညာဦးစီးဌာန

(င) ပုဒ်မ ၇ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၄)ကို အောက်ပါပုဒ်မခွဲငယ်ဖြင့် အစားထိုးရမည်-

(၄) ဥက္ကဋ္ဌ၊ အဖွဲ့ဝင်
ပြည်ထောင်စုမြန်မာနိုင်ငံ
ပညာရေးသုတေသနအဖွဲ့